The Standard Time Daily
www.sdtimedaily.com
www.facebook.com/standardtimedaily

# “ဟင်းအစားချက်ပေးခြင်း”သည် တရုတ်နိုင်ငံ၏ “စားသုံးမှုဖက်ရှင်သစ်”ဖြစ်လာခဲ့

ဈေးဆိုင်ခန်းမှ ဝယ်ယူလာသည့် လတ်လတ်ဆတ်ဆတ် ဟင်းအမယ်များကို ချက်ချင်းပင် ဟင်းအစားချက်ပေးမည့် စားဖိုမှူးလက်ထဲသို့ ထည့်ပေးလိုက်ပါသည်။ ဆိုင်ရှင်များက သီးသန့်ဖွဲ့ထားသည့် WeChat Group ထဲတွင် ရုံးတက်သူများ၏ ဟင်းအော်ဒါများ မပြတ်ဝင်လာနေသည်။ ဈေးဆိုင်ခန်းတွင် ဆေးကြောလှီးဖြတ်ပြီးသော ဟင်းအမယ်များကို ရောင်းချရုံသာမက ဟင်းအစပ်တည့်စေရန်လည်း စီစဉ်ပေးနိုင်သည်။ များမကြာမီက “ဟင်းအစားချက်ပေးခြင်း”ဟု အမည်ရသည့် တက်သစ်စဝန်ဆောင်မှုသည် တရုတ်နိုင်ငံ နေရာအနှံ့အပြားတွင် နာမည်ကျော်ကြားလာပါသည်။ ပါဆယ်မှာယူခြင်းနှင့် ဆိုင်စားခြင်းတို့အကြားတွင် စားသုံးသူများအတွက် ရွေးချယ်မှုအသစ်တစ်မျိုး ပေးအပ်နိုင်ခဲ့ပြီး “စားသုံးမှုဖက်ရှင်သစ်”တစ်မျိုး တဖြည်းဖြည်းချင်း ပုံပေါ်လာသည်။





## “ပါဆယ်အားကိုးမှု”မှသည် “ဈေးသို့ ၁၀ မိနစ်”အထိ

“သင်ဈေးဝယ်၊ ကျွန်ုပ်ချက်ပေးမယ်။” ရုံးတက်ရက်ညနေ ထမင်းစားချိန်မရောက်မီတွင် ရှန်ဟိုင်းမြို့ ဖူတုန်းမြို့သစ်၏ ယုံထိုက်လုဈေးမှ ထမင်းစားဇုန်တွင် ဟင်းချက်ရန် စောင့်ဆိုင်းနေသော ဖောက်သည်များနှင့် ပြည့်နှက်နေသည်။ “ဟင်းအစားချက်ပေးခြင်း” ဆိုင်ခန်းမှ စားဖိုမှူးသည် ဖောက်သည်၏ အရသာကြိုက်နှစ်သက်မှုကို မေးမြန်းပြီးနောက် ဟင်းအမယ်များကို ဆေးကြောခြင်း၊ လှီးဖြတ်စပ်ဟပ်ခြင်း၊ အိုးထဲထည့်ကြော်လှော်ခြင်း စသည်တို့ကို လျင်မြန်စွာ ပြုလုပ်သည်။ ၁၀ မိနစ်မကြာသည့် အချိန်အတွင်း အနံ့အရသာနှင့်ပြည့်စုံသောအသားကြော်တစ်ခွက် ရရှိသည်။

ဈေးဆိုင်ပိုင်ရှင်က “ဟင်းအစားချက်ပေးခြင်း”ဝန်ဆောင်မှု၏ နာမည်ကျော်လာခြင်း နှင့်အတူ ဖောက်သည်များလည်း ပိုမို များလာကြောင်း ပြောပြသည်။ ဆိုင်ရှင်များသည် ဖောက်သည်များ၏ လိုအပ်ချက်အရ အော်ဒါပုံစံ၊ သီးခြားပုံစံ ဝန်ဆောင်မှုများ ပြုလုပ်ထားသည်။ ကွဲ့ကျန်းပြည်နယ် ယိတူးမြို့ရှင်းမာလမ်း အိမ်မီးချင်းဈေးထဲမှ ဟင်းအမယ်အရောင်းဆိုင်ရှိသည် အိမ်ဟင်းအိမ်ထမင်း အစားချက်ပေးခြင်းအပြင် ပင်လယ်စာဟင်း၊ ကိုယ်လက်အားကစားလုပ်သူများစားသည့် ဟင်း၊ ကလေးငယ် ထမင်းဟင်း၊ မီးနေသည်ထမင်းဟင်း၊ ကျန်းမာရေးထမင်းဟင်း စသည့်ဟင်းအစားချက်ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးနိုင်ပြီး ဖောက်သည်များ၏ လိုအပ်ချက်မျိုးစုံကို ဖြည့်ဆည်းပေးနေသည်။

“သူတို့ချက်တာက ကျွန်တော်တို့ ကိုယ့်ဘာသာကိုယ်ချက်တာထက် ပိုစားကောင်းတယ်၊ ဟင်းအမယ်တွေကလည်း အလွန် သန့်ရှင်းတယ်။” အသက် ၆၀ ကျော်အရွယ်ရှိပြီဖြစ်သော ဖိုးဖိုးဝမ်သည် အရသာအပိုင်းတွင် သာမန်ထမင်းဆိုင် သို့မဟုတ် ပါဆယ်များနှင့် နှိုင်းယှဉ်လိုက်ပါက “ဟင်းအစားချက်ပေးခြင်း”သည် ပိုမိုလတ်ဆတ်ပြီး ပိုမိုတွက်ခြေကိုက်ကြောင်း၊ မိမိစားချင်သည်ကို ဈေးတွင် သွားဝယ်၍ ဆေးကြောခြင်း၊ လှီးဖြတ်ခြင်း၊ ကြော်လှော်ခြင်း စသည့်လုပ်ငန်းစဉ်များကို သေချာရှင်းလင်းစွာ မြင်တွေ့ရကြောင်း ပြောပြသည်။

အလုပ်တွင်ကျယ်မှု မြင့်တင်၍ ဖောက်သည်များ စောင့်ဆိုင်းရသည့် အချိန်ကို လျှော့ချနိုင်ရန်အတွက် အချို့ဈေးများမှ ဆိုင်ရှင်များသည် WeChat Group များ ဖွဲ့၍ အော်ဒါမှာယူခြင်းဝန်ဆောင်မှုကို ပြုလုပ်လာကြသည်။ စားသုံးသူများသည် ချိန်းဆိုထားသောအချိန်တွင် ပါဆယ်လာယူနိုင်ပြီး တန်းစီစောင့်ဆိုင်းရန် မလိုအပ်တော့ပါ။ ဝန်ဆောင်မှုလုပ်ငန်းစဉ်သည် လွန်စွာကောင်းမွန်သဖြင့် စားသုံးသူများသည် မိမိဘာသာ ဟင်းစပ်ဟပ်စေရန် ရွေးချယ်နိုင်ပြီး ဆိုင်ရှင်ကို ဝယ်ယူပေးရန်လည်း မှာကြားနိုင်သည်။

## ဈေးသည်“ဘဝတိယလေဟာနယ်” အဖြစ် အသွင်ပြောင်းလာခဲ့

ဟင်းအစားချက်ပေးခြင်း ဝန်ဆောင်မှု၏ ခေတ်စားလာမှုကြောင့် “လယ်ယာထွက်ကုန်ဈေး+ ” ၏ အသစ်ဖန်တီး အသွင်ပြောင်းလဲမှုကို တိုးမြှင့်လာစေပြီး သစ်လွင်သော စားသုံးမှုနယ်မြေတစ်ရပ် ဖြစ်လာစေခဲ့သည်။

သမားရိုးကျဈေးသည် စူပါမားကက်၊ ဆေးဆိုင်၊ ပြည်သူ့သက်သာချောင်ချိရေးဝန်ဆောင်မှု(ချုပ်လုပ်ခြင်း၊ ပြုပြင်ခြင်း စသည်ကဲ့သို့) စသည့် အသွင်သဏ္ဌာန်များဖြင့် စပ်ဟပ်ထားခြင်းမှသည် “One-Stop ဘဝနေထိုင်ရေး ဝန်ဆောင်မှုစင်တာ” အဖြစ် ပြောင်းလဲလာပါသည်။ ဥပမာ ကျန်းစူးပြည်နယ် စူးကျိုးမြို့ယွဲ့ပေါ်ဝမ်းအမှတ်(၁)ဈေးသည် ပုံမှန်ဝန်ဆောင်မှုစင်တာကို ထပ်တိုးထား၍ စင်တာအတွင်း၌ ဝါတာကူလာ၊ ကိုယ်အပူတိုင်းစက်၊ သွေးပေါင်ချိန်စက်၊ ပြည်သူ့ဆေးသေတ္တာစသည်တို့ ထည့်သွင်းထားသည်။ ထီးငှားခြင်း၊ ပိုးခဲ့ငှားခြင်း၊ ကားခေါ်ပေးခြင်း၊ အကြွေလဲပေးခြင်း စသည့် ဘက်ပေါင်းစုံ ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးသည်။ ဤကဲ့သို့ “ဈေး+စားသောက်ဆိုင်+X” ပုံစံသည် ဈေးကို ရပ်ကွက်ဘဝနေထိုင်မှု၏“အသက်သွေးကြော”ဖြစ်လာစေခဲ့ပြီး နေထိုင်သူများ၏ များပြားသောလိုအပ်ချက်များကို ပြည့်စုံလာစေခဲ့သည်။

စီချွမ်ပြည်နယ် ချိန်တူးမြို့ ခွမ်းဂျိုင်လမ်းကြားဘေးမှ “ယိမင်ဈေး”၏ မြေညီထပ်သည် ခရီးသွားများ ဓာတ်ပုံရိုက်ကူးရန် လာရောက်ကြသည့် နေရာတစ်ခုဖြစ်လာပြီး စစ်မှန်သော “ယဉ်ကျေးမှုနှင့်ခရီးသွားဈေး” ဖြစ်လာခဲ့ပါပြီ။ ခရီးသွားများသည် “Market Walk(ဈေးလမ်းလျှောက်ခြင်း)”တွင် ဟင်းအမယ်အရောင်းကိုင်ခြင်းကို လက်တွေ့ခံစားနိုင်ပြီး “ဈေးအတွင်းမှ မြို့ပြအငွေ့အသက်”ကို ခံစားရနိုင်သည်။

ထို့ပြင် “ဟင်းအစားချက်ပေးခြင်း”ဝန်ဆောင်မှုသည်လည်း လူငယ်များ၏ ဘဝနေထိုင်မှုအသွင်သဏ္ဌာန်ကို ပြန်လည်တည်ဆောက်ပေးနေသည်။ ဖူကျန့်ပြည်နယ် ရှမန်မြို့ “အမှတ် ၈ ဈေး”ပင်လယ်စာအစားချက်ပေးသည့် ဆိုင်ခန်းပိုင်ရှင် သူဌေးချိန်သည် ရုံးပိတ်ရက်များတွင် လူငယ်များသည် ပင်လယ်စာများယူလာကာ “တိုက်ရိုက်ထုတ်လွှင့် ချက်ပြုတ်ခြင်း လုပ်ပေးရန် တောင်းဆိုတတ်ကြကြောင်း လေ့လာတွေ့ရှိခဲ့သည်။“သူတို့က ဖုန်းတွေကိုင်ပြီး ကြော်လှော်မှုကို အစအဆုံးရိုက်ကြတယ်။ ဆိုရှယ်မီဒီယာပေါ်မှာ တင်ပြီး နေ့စဉ်ဘဝကို မှတ်တမ်းတင်ကြမှာတဲ့”ဟု သူဌေးချိန်က ပြောပြသည်။

